**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**https://nugmyanmar.org**

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅**

## "အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ခရစ္စမတ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာ"

၁။ ယနေ့သည် သခင်ယေရှုခရစ်တော်ဖွားမြင်တော်မူခြင်းအထိမ်းအမှတ်တည်းဟူသောခရစ္စမတ်နေ့ဖြစ်သည်။ ဤမွန်မြတ်သော ခရစ္စမတ်နေ့ရက်အချိန်အခါသာမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း မေတ္တာပို့သလျက်နှုတ်ခွန်းဆက်သအပ်ပါသည်။

၂။ သခင်ယေရှုခရစ်တော်သည် လူသားအဖြစ်ကိုခံယူတော်မူလျက် ဤကမ္ဘာလောကထဲသို့ကြွလာတော်မူခြင်း မှာ "ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှာလည်းကောင်း၊ နှလုံးကြေမွသောသူ တို့၏အနာကိုပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျှက်ရှိသောသူတို့အား လွှတ်ခြင်း အကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှာ လည်းကောင်း၊ ညှင်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှာလည်းကောင်းနှင့် ထာဝရဘုရား၏မင်္ဂလာနှစ်နှင့် ဘုရားသခင် အပြစ်ပေးတော်မူရာနေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း" (ဟေရှာယ ၆၁း၁-၃၊ ရှင်လုကာ ၄း ၁၈) ဖြစ်တော်မူကြောင်း သမ္မာကျမ်းစာတော်မြတ်တွင် ဖော်ပြထားပါသည်။

၃။ သမ္မာကျမ်းစာတော်မြတ်တွင်ဖော်ပြချက်အရ ဤကမ္ဘာလောကနှင့် လူသားတို့အား ပျက်စီးရာထဲသို့ ရောက် စေသူမှာ မာရ်နတ်ဖြစ်သည်။ သခင်ယေရှုခရစ်တော်က မာရ်နတ်နှင့်ပတ်သက်၍ "မာရ်နတ်သည် ရှေ့ဦးစွာ မှစ၍

လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသာစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသာစကား၌ကျင်လည်သောသူဖြစ်၏။ မုသာ၏ အဘလည်းဖြစ်၏" (ရှင်ယောဟန် ၈း၄၄) ဟူ၍ အတိအလင်း မိန့်တော်မူခဲ့သည်။

၄။ မာရ်နတ်၏မှောင်မိုက်တန်ခိုးကို ရိုက်ချိုး၍ လူတို့အားလွတ်မြောက်ခြင်းကို ပေးအပ်နိုင်ရန် သခင်ယေရှု ခရစ်တော်သည် ဤလောကသို့ကြွဆင်းလာခဲ့သည်။ ထိုသခင်ယေရှုခရစ်တော်သည် မတရားမှုမှ ရုန်းထွက် လှုပ်ရှားခြင်း၏ အမှတ်သညာလည်းဖြစ်တော်မူသည်။ ထိုသခင်ယေရှုခရစ်တော်သည် မတရားမှုကို ကိုယ်တိုင် လက်မခံငြင်းဆန်သည်သာမက၊ နတ်ဆိုးနှင့်အလားသဏ္ဍာန်တူသော ကျူးကျော်အုပ်စိုးသူများအား မောင်း ထုတ်ဖယ်ရှားနိုင်မှသာ စစ်မှန်သည့် လုံခြုံငြိမ်းချမ်းမှုနှင့် လူသားဂုဏ်သိက္ခာပြည့်ဝသည့်ဘဝကိုရရှိနိုင်မည်ဟု နတ်ဆိုးလေဂေါင်စွဲကပ်သော ဂါဒရပြည်သား၏ဖြစ်ရပ် (ရှင်လုကာ ၈း၂၆-၃၉) ဖြင့် သွန်သင်တော်မူခဲ့သည်။

၅။ ဤခရစ္စမတ်နေ့ရက်အခါသာမယတွင် မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်း ဘေးရန်ခပ်သိမ်းမှ ကင်းလွတ်လုံခြုံ၍ ငြိမ်သက်ချမ်းသာခြင်း၏ဝမ်းမြောက်စရာသတင်းကောင်းများဖြင့် ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤနုတ်ခွန်းဆက် သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

"မြေကြီးပေါ်၌ ငြိမ်သက်ခြင်းရှိစေသတည်း။ လူအပေါင်းတို့၌မေတ္တာကရုဏာရှိစေသတည်း" (ရှင်လုကာ ၂း၁၄)

အမျိုးသား ညီညွတ်ရေးအစိုးရအဖွဲ့